# ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်

# မန္တလေးတိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | အပိုင်း(၁) | အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက် | ၁ | - |
| ၂ | အပိုင်း(၂) | တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ | ၁ | ၂ |
| ၃ | အပိုင်း(၃) | အရေးပေါ်ရန်ပုံငွေ | ၃ | - |
| ၄ | အပိုင်း(၄) | တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ | ၃ | ၄ |

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၈ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄ ။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း(၁)
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **"၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း(၂)
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရား လွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော အသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရား လွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်အသုံးစရိတ်များအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဤဥပဒေ၏ ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံး စရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ အသုံးစရိတ်များကို စီမံ ခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင် သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံ နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင် သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံ ရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများ တွင် ထည့်သွင်း ဖော်ပြရမည်။

၆။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင် သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော အသုံးစရိတ်များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အရေးပေါ်ရန်ပုံငွေအသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြ ချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြ ရမည်။

## အပိုင်း(၃)
## အရေးပေါ်ရန်ပုံငွေ

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်း မရှိသော အသုံးစရိတ် အတွက်သာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အရေးပေါ် ရန်ပုံငွေမှ တောင်းခံသုံးစွဲနိုင်သည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း(၄)
## တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် အသုံးစရိတ်များကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

၁၀။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များလုပ်ငန်း လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှရယူဆောင်ရွက်နိုင်သည်။

၁၁။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ တိုင်းဒေသကြီးအတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှငွေကြေးအကူအညီနှင့်အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၂။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှ ငွေချေးယူရန်အကြောင်းပေါ်ပေါက်ပါက ပြည်ထောင်စုကပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်ပမှငွေချေးယူခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြား သာမန် ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | ၂၆၆၁၃.၀၀၄ | | | ၂၈၀၀.၀၀၀ | | | | ၂၉၄၁၃.၀၀၄ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | ၆၂၉.၁၂၀ | | | | | | | ၆၂၉.၁၂၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | ၂.၅၀၀ | | | | | | | ၂.၅၀၀ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | ၂.၅၉၃ | | | | | | | ၂.၅၉၃ |
| | **ပေါင်း** | | | ၂၇၂၄၇.၂၁၇ | | | ၂၈၀၀.၀၀၀ | | | | ၃၀၀၄၇.၂၁၇ |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ပြည်ထောင်စုထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၆၂၈၇.၀၄၈ | ၂၈၀၀.၀၀၀ | ၃၇၇၅၇.၈၉၃ | | | | ၅၆၈၄၄.၉၄၁ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၇၉၅.၆၁၅ | | | | | | ၇၉၅.၆၁၅ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀၅.၉၀၀ | | | | | | ၁၀၅.၉၀၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၀၉၀.၃၄၃ | | ၃၇၀.၉၇၅ | | | | ၁၄၆၁.၃၁၈ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၂၁၀.၇၁၉ | | ၅၂၄.၃၇၀ | | | | ၂၇၃၅.၀၈၉ |
| | **ပေါင်း** | | **၂၀၄၈၉.၆၂၅** | **၂၈၀၀.၀၀၀** | **၃၈၆၅၃.၂၃၈** | | | | **၆၁၉၄၂.၈၆၃** |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | | |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီး ငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၄၀၂၆.၆၅၄** | | | | | | | | **၄၀၂၆.၆၅၄** |
| | ၁ | ယစ်မျိုးခွန် | | ၄၀၂၆.၆၅၄ | | | | | | | | ၄၀၂၆.၆၅၄ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၁၈၆၁.၂၈၇** | | | | | | | | **၁၈၆၁.၂၈၇** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅၃၂.၀၁၀ | | | | | | | | ၅၃၂.၀၁၀ |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၃၄.၄၅၃ | | | | | | | | ၃၄.၄၅၃ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၃၃၅.၆၀၀ | | | | | | | | ၃၃၅.၆၀၀ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၅၂၉.၂၃၉ | | | | | | | | ၅၂၉.၂၃၉ |
| | ၅ | အင်းအိုင်ခွန် | | ၄၂၉.၉၈၅ | | | | | | | | ၄၂၉.၉၈၅ |
| ၃ | | **စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၂၄၇၁၆.၆၀၆** | | | | | | | | **၂၄၇၁၆.၆၀၆** |
| | ၁ | ပစ္စည်းခွန် | | ၇၀၇၀.၂၁၁ | | | | | | | | ၇၀၇၀.၂၁၁ |
| | ၂ | ဘီးခွန် | | ၁၇၆၄၆.၃၉၅ | | | | | | | | ၁၇၆၄၆.၃၉၅ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၄** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | | **၆၆.၄၆၈** | | | | | | | **၆၆.၄၆၈** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီး | | ၄၆.၄၇၃ | | | | | | | ၄၆.၄၇၃ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဝန်ကြီးချုပ်က တာဝန်ပေးသူ | | ၄.၅၂၅ | | | | | | | ၄.၅၂၅ |
| | ၃ | မီးသတ်ဦးစီးဌာန | | | ၁၅.၄၇၀ | | | | | | | ၁၅.၄၇၀ |
| **၅** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | | **၄၀၇.၂၇၀** | | | | | | | **၄၀၇.၂၇၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၅၉.၅၀၀ | | | | | | | ၅၉.၅၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | ၁၂.၉၁၀ | | | | | | | ၁၂.၉၁၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၃၀၈.၉၂၁ | | | | | | | ၃၀၈.၉၂၁ |
| | ၄ | သမဝါယမဦးစီးဌာန | | | ၈.၈၈၁ | | | | | | | ၈.၈၈၁ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁၇.၀၅၈ | | | | | | | ၁၇.၀၅၈ |
| **၆** | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | **၅၉.၇၁၀** | | | | | | | **၅၉.၇၁၀** |
| | ၁ | သစ်တောဦးစီးဌာန | | | ၅၉.၇၁၀ | | | | | | | ၅၉.၇၁၀ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | | | | | | | |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၇ | | **ကျန်းမာရေးနှင့်အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | **၈၃.၅၀၀** | | | | | | | **၈၃.၅၀၀** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | ၈၃.၅၀၀ | | | | | | | ၈၃.၅၀၀ |
| ၈ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၄င်း | | **၅၀၅.၀၃၇** | | | **၁၁၄၉၃၃.၈၂၃** | | | | **၁၁၅၄၃၈.၈၆၀** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀.၀၃၆ | | | | | | | ၀.၀၃၆ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | ၀.၀၀၁ | | | | | | | ၀.၀၀၁ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | ၁၁၄၉၃၃.၈၂၃ | | | | ၁၁၄၉၃၃.၈၂၃ |
| | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | ၅၀၅.၀၀၀ | | | | | | | ၅၀၅.၀၀၀ |
| ၉ | | **ဆောက်လုပ်ရေး** | ၄င်း | | **၂၇၈.၈၂၀** | | | | | | | **၂၇၈.၈၂၀** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၁၅၆.၉၈၂ | | | | | | | ၁၅၆.၉၈၂ |
| | ၂ | လမ်းဦးစီးဌာန | | | ၁၂၁.၈၃၈ | | | | | | | ၁၂၁.၈၃၈ |
| ၁၀ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၄င်း | | **၄၀၆၃၃.၇၆၀** | **၄၂၃၀၈.၅၃၅** | **၅၇၆၇.၀၃၀** | | | **၃၉၄၉၅.၁၆၀** | **၃၅၀.၀၀၀** | **၁၂၈၅၅၄.၄၈၅** |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | | **၁၇၂၉၉.၀၈၇** | | | | | | | ၁၇၂၉၉.၀၈၇ |
| | | **ပေါင်း** | | **၃၀၆၀၄.၅၄၇** | **၅၉၃၃၃.၆၅၂** | **၄၂၃၀၈.၅၃၅** | **၅၇၆၇.၀၃၀** | **၁၁၄၉၃၃.၈၂၃** | | **၃၉၄၉၅.၁၆၀** | **၃၅၀.၀၀၀** | **၂၉၂၇၇၂.၇၄၇** |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် | **၁၄၅၈၄.၈၁၄** | **၁၅.၀၀၀** | **၉၄၇၉.၄၄၉** | | | | **၂၄၀၇၉.၂၆၃** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၀၆၄၈.၉၅၄ | ၁၅.၀၀၀ | ၄၁၈၄.၃၆၁ | | | | ၁၄၈၄၈.၃၁၅ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၉၃.၃၆၉ | | ၄၀၆.၈၀၉ | | | | ၈၀၀.၁၇၈ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၃၅၄၂.၄၉၁ | | ၄၈၈၈.၂၇၉ | | | | ၈၄၃၀.၇၇၀ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၇၂၈၉.၈၀၇** | | **၇၆၉.၈၈၇** | | | | **၈၀၅၉.၆၉၄** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၈၉၈.၆၁၄ | | ၂၄၇.၀၉၅ | | | | ၄၁၄၅.၇၀၉ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၅၈.၅၀၅ | | ၉၀.၀၀၀ | | | | ၃၄၈.၅၀၅ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁၀၅၇.၁၂၈ | | ၁၆၃.၀၆၀ | | | | ၁၂၂၀.၁၈၈ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁၉၁၂.၂၂၉ | | ၂၄.၆၂၃ | | | | ၁၉၃၆.၈၅၂ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | ၁၆၃.၃၃၁ | | ၂၄၅.၁၀၉ | | | | ၄၀၈.၄၄၀ |
| **၃** | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၄၅၉၄.၀၀၄** | | **၂၉၃၅.၆၄၅** | | | | **၇၅၂၉.၆၄၉** |
| | ၁ | သစ်တောဦးစီးဌာန | | ၂၉၃၈.၁၂၇ | | ၃၂၆.၇၇၀ | | | | ၃၂၆၄.၈၉၇ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန | | ၁၃၅၈.၉၇၈ | | ၅၉၀.၃၄၇ | | | | ၁၉၄၉.၃၂၅ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၉၆.၈၉၉ | | ၂၀၁၈.၅၂၈ | | | | ၂၃၁၅.၄၂၇ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၄ | | **ကျန်းမာရေးနှင့်အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် | **၁၃၈၇.၃၆၉** | | **၃၃၇၇.၁၆၀** | | | | **၄၇၆၄.၅၂၉** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၃၈၇.၃၆၉ | | ၃၃၇၇.၁၆၀ | | | | ၄၇၆၄.၅၂၉ |
| ၅ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၎င်း | **၁၅၇၇.၆၄၉** | | **၁၇၇၁.၉၁၄** | | | | **၃၃၄၉.၅၆၃** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၁၀၂.၄၆၂ | | ၅၃၆.၆၄၀ | | | | ၁၆၃၉.၁၀၂ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၇၃.၅၂၆ | | ၄၂၉.၉၈၀ | | | | ၇၀၃.၅၀၆ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၉၆.၆၇၇ | | ၆၈၈.၆၉၄ | | | | ၇၈၅.၃၇၁ |
| | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၁၀၄.၉၈၄ | | ၁၁၆.၆၀၀ | | | | ၂၂၁.၅၈၄ |
| ၆ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၇၉၈၇.၃၂၅** | | **၂၄၅၃၆.၉၀၀** | | | | **၄၂၅၂၄.၂၂၅** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၆၄.၉၄၀ | | ၉၃၂၇.၆၅၇ | | | | ၉၉၉၂.၅၉၇ |
| | ၂ | လမ်းဦးစီးဌာန | | ၁၇၃၂၂.၃၈၅ | | ၁၅၂၀၉.၂၄၃ | | | | ၃၂၅၃၁.၆၂၈ |
| ၇ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | **၄၄၃၀၂.၄၁၂** | | **၁၀၄၉၅၂.၁၅၃** | | | **၃၀၀၀.၀၀၀** | **၁၅၂၂၅၄.၅၆၅** |
| ၈ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၈၄၅၀.၁၉၁** | | **၉၈၆၅.၄၂၂** | | | | **၁၈၃၁၅.၆၁၃** |
| | | **ပေါင်း** | | ၁၀၀၁၇၃.၅၇၁ | ၁၅.၀၀၀ | ၁၅၇၆၈၈.၅၃၀ | | | ၃၀၀၀.၀၀၀ | ၂၆၀၈၇၇.၁၀၁ |